
mgyoe.com



ဒုတိယမြန်မာနိုင်ငံကို ပြန်လည်ထူထောင်သူ

# ဘုရင့်နောင်

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - မင်းနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

မျက်နှာဖုံးပန်းချီ - ကျော်ဖြိုးခံ

ISBN 9789997119346
BBB10
9 789997 119346
1,000.00KS

mgyoe.com

ဒုတိယမြန်မာနိုင်ငံကို ပြန်လည်ထူထောင်သူ ဘုရင့်နောင်၊ ဝေသာနှင့် မင်းနိုင်
မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ
စာမျက်နှာ ၃၄ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ဒုတိယမြန်မာနိုင်ငံကို ပြန်လည်ထူထောင်သူ ဘုရင့်နောင်

ဝေသာ ဇာတ်ညွှန်းရေး၍
မင်းနိုင် သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com



[ ၁ ]

"အရှင် ... ရန်သူအင်အားက ကျွန်တော်မျိုးတို့ထက် ရှစ်ဆမက ကြီးနေပါတယ် အရှင်..."


"ဒါကို စိုးရိမ်မနေနဲ့။ အခုပဲ ဖောင်တွေဖွဲ့ပြီး ရန်သူရှိတဲ့ နောင်ရိုးချောင်းရဲ့တစ်ဖက်ကို ကူးဖို့ပြင်ကြ..."

နောင်ရိုးချောင်းတစ်ဖက်သို့ ကူးပြီးသော ...



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


"တပ်မှူးတို့ ... ဒီဖောင်တွေကို ဖျက်ဆီးကြ၊ ခြေမြန်တပ်သားတစ်ဦးကို ဘုရင်တပင်ရွှေထီးထံ လွှတ်ပြီး စစ်ကူလာရန် မလို။ ယခုပင် ရန်သူကို အနိုင်တိုက်ခဲ့ပြီးပြီလို့ စာချွန်လွှာပို့"

"အရှင် ... ကျွန်တော်မျိုးတို့ ယခုမှပင် နောင်ရိုးတစ်ဖက်ကမ်းသို့ ရောက်သေးတယ်။ ရန်သူကို အောင်နိုင်ပြီလို့ ဘုရင့်ထံ စာချွန်ပို့တယ်။ နောက်ပြီး ဖောင်တွေကို ဖျက်ဆီးခိုင်းခဲ့တယ်။ အကယ်၍ စစ်ရှုံးသော် မခက်ပါလော ..."



mgyoe.com

F_3A



mgyoe.com



F_2B

mgyoe.com

"ဒီမှာ တပ်မှူးတို့...ယခု ဖောင်များဖျက်ခိုင်းတာဟာ တပ်မှူးတပ်သားတို့ရဲ့ စိုးရွံ့စိတ်တွေကို ပျောက်လွင့်သွားစေဖို့ပဲ။ ဖောင်တွေ ရှိနေပါက အရေးမလှလျှင် ဖောင်အားကိုးဖြင့် သင်တို့ ပြေးဖို့ စိတ်ကူးဖြစ်ကြလိမ့်မယ်။ ဖောင်မရှိပါမှ နောက်မတွန့်ဘဲ ရန်သူကို အနိုင်တိုက်ကြလိမ့်မယ်...

ဘုရင်ထံ စစ်ပွဲအောင်ပြီဟု ကြိုတင်လျှောက်ထားခြင်းဟာလည်း ငါတို့ ဒီစစ်ပွဲကို နိုင်အောင် အသေခံပြီး တိုက်ရမယ်။ စစ်ပွဲရှုံးလျှင် ဘုရင်က ငါတို့ကို သတ်လိမ့်မယ်။ သေမယ့်အတူတူ စစ်တိုက်ရင်း သေတာ မကောင်းပေဘူးလား။ ဒါကြောင့် သေလူဖြစ်တဲ့ ငါတို့က စစ်ပွဲကို နိုင်အောင် တိုက်ရမယ်..."



mgyoe.com



ထိုစကားကို ပြောဆို၍ နောင်ရိုးတစ်ဖက်ကမ်းရှိ ရန်သူများကို နိုင်အောင်တိုက်ကာ အောင်ပွဲခံခဲ့သူမှာ ဘုရင့်နောင်ပင် ဖြစ်သည်။

* * *

အနော်ရထာမင်းကြီး စတင်တည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးမှာ တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်းလက်ထက်၌ အစိတ်စိတ် အမြွာမြွာ ပြိုကွဲခဲ့ရသည်။




mgyoe.com



တောင်ငူဘုရင် တပင်ရွှေထီးလက်ထက် ရောက်သောအခါမှ ဒုတိယ မြန်မာနိုင်ငံတော်အား စတင်တည်ထောင်ရန် ကြိုးပမ်းနေချိန်၌ ဘုရင် တပင်ရွှေထီးမှာ နိုင်ငံခြားသား ပေါ်တူဂီလူမျိုးတို့နှင့် ပေါင်းသင်းမိပြီး သောက် စားမူးယစ်ကာ နောင်တော်ကဲ့သို့ ချစ်ခင်ရသော ဘုရင့်နောင်ကို အားကိုး လွှဲအပ်ထားသည်။



mgyoe.com





ဘုရင့်နောင်မှာ ဒုတိယမြန်မာ နိုင်ငံကို ပြန်လည်စုစည်းတည်ထောင် နေချိန်၌ ဘုရင်တပင်ရွှေထီးမှာ သောက် စားမူးယစ်ပျော်ပါးကာ အချိန်ကုန်နေခဲ့ သည်။

"ညီတော် ဘုရင်မင်းမြတ်… ဒီလို သောက်စားပြီး အချိန်ကုန်တော့မှာလား"

"အို … နောင်တော် ရှိနေတာပဲ လေ…"

"မဟုတ်သေးဘူး … ညီတော်၊ အစိတ်စိတ်အမွှာမွှာ ဖြစ်နေတဲ့ နိုင်ငံ တော်ကြီးကို အခုမှ စည်းရုံးသိမ်းသွင်း နေဆဲ မဟုတ်လား …"

"အို … နောင်တော်ရယ် … နောင်တော် ရှိနေတာပဲလို့ ပြောနေတာ"



mgyoe.com



ဘုရင့်နောင်မှာ ဘုရင်တပင်ရွှေထီးကို ပြော၍မရသောအခါ ဘုရင်အနားမှ ပေါ်တူဂီများအား နှင်ထုတ်ပစ်လိုက်သည်။



mgyoe.com




ဘုရင့်နောင်မှာ ဘုရင်တပင်ရွှေထီးအား တစ်ဖက်မှလည်း စောင့်ရှောက်၊ တစ်ချိန်လုံး မူးယစ်နေသော ဘုရင်အစား တိုင်းပြည်အား စီမံခန့်ခွဲ၍ ရန်သူများကိုလည်း စစ်တိုက်ရဖြင့် ဘုရင့်ကိုယ်စား အမှုတော်ကို ထမ်းနေရသည်။



mgyoe.com

F_3B_B



"အရှင် ... ဘုရင်တပင်ရွှေထီးလည်း တစ်ချိန်လုံး မူးယစ်နေတာ တိုင်းပြည်အတွက် ဘာမှမလုပ်နိုင်တော့တာ။ အရှင်ပဲ တိုင်းပြည်ကို အုပ်ချုပ်ပြီး ဘုရင်လုပ်ပါတော့ အရှင်..."

"ဒီကိစ္စကို ငါ လက်မခံဘူး။ ငါ့ရဲ့ညီတော်တစ်ယောက်လုံး ရှိလျက်နဲ့ ငါ ဘုရင်လုပ်စရာလား။ ငါ့ညီဘုရင်မင်းမြတ်အပေါ် ငါ သစ္စာ ရှိရမယ်။ ဒီစကားကို နောင် ဘယ်တော့မှ မလျှောက်နဲ့..."




mgyoe.com



သို့သော် သံလျင်ဘက်၌ သမိန်ထောရာမ ဆိုသူက ပုန်ကုန်ထကြွနေသဖြင့် တပ်မတော်ကြီးကို ဦးဆောင်၍ သွားရောက်နှိမ်နင်းနေစဉ် ဘုရင်တပင်ရွှေထီးကို စောင့်ရှောက်ရန် ထားခဲ့သော စစ်တောင်းစားသမိန်စောထွတ် က လုပ်ကြံ၍ သက္ကရာဇ် ၉၁၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၌ ဘုရင်တပင်ရွှေထီး နတ်ရွာစံခဲ့သည်။



mgyoe.com



ဘုရင့်နောင်သည် ထိုသတင်းကို ကြားသည်နှင့် တောင်ငူကို အမြန်ဆုံး ပြန်လာခဲ့သော်လည်း ဘုရင့်နောင်၏ ညီတော် ဟံသာဝတီစား သီဟသူက လူသူလက်နက် အပြည့်အစုံဖြင့် တောင်ငူကို သိမ်းပိုက်ပြီး ဘုရင်မင်းခေါင် အမည်ဖြင့် မင်းပြုလိုက်သည်။



mgyoe.com



ဘုရင့်နောင်လည်း တောင်ငူအား လေးလကြာအောင် တိုက်ယူရာ ညီတော်မင်းခေါင် အညံ့ခံလာသဖြင့် တောင်ငူကို သိမ်းပိုက်နိုင်ခဲ့သည်။



mgyoe.com